# 2025 年 4 月 ကျောင်းဝင်ခွင့်
# နိုင်ငံခြားသားပညာတော်သင်ကျောင်းသား
## ကျောင်းဝင်ခွင့်စီစစ်ရွေးချယ်ခြင်းအတွက်လိုအပ်သောအချက်အလက်များ

Nagoya College of Child Welfare, Care Worker & Business

Admissions Information for International Students

ဂျပန်စကားဘာသာဌာန

# 日本語学科

ကျောင်းအသင်းဝင်TACHIBANA GAKUEN

လူမှုဖုံလုံရေးနှင့်အလုပ်သမားဝန်ကြီးဌာနဝန်ကြီးမှအသိမှတ်ပြုသောကျောင်း

AICHIခရိုင်အုပ်ချုပ်ရေးမှူးမှအသိမှတ်ပြုသော

TOKYO UNIVERSITY OF SOCIAL WELFARE NAGOYA CAMPUS အတူလေ့လာနိုင်သောကျောင်း

# 保育・介護・ビジネス名古屋専門学校


တွေ့ဆုံဆွေးနွေးရန်နေရာ

＜保育・介護・ビジネス名古屋専門学校＞

〒460-0002 愛知県名古屋市中区丸の内 2-6-4

代表番号 052-222-5631

URL: http://www.nagoya-college.ac.jp/

# နိုင်ငံခြားသားပညာတော်သင်ကျောင်းသား

## ကျောင်းဝင်ခွင့်စိစစ်ရွေးချယ်ခြင်းအတွက်လိုအပ်သောအချက်အလက်များ

ဂျပန်စကားဘာသာဌာန


1・အထူးအခွင့်အရေး
2・သင်ရိုးညွှန်းနှင့် လေ့လာမှု ပန်းတိုင်း
3・အတန်းစာသင်ချိန်
4・အတန်းဘာသာရပ်
5・လျှောက်လွှာသင်ရန်လိုအပ်ချက်များ
6・လျှောက်လွှာတင်ရန်လုပ်ဆောင်ရန်နည်းလမ်းများ
7・စစ်ဆေးရွေးချယ်ခြင်းနည်းလမ်း
8・ကျောင်းဝင်ခြင်းနှင့်ပါတ်သက်သောလုပ်ဆောင်ချက်များ
9・ဂျပန်နိုင်ငံတွင်းနေထိုင်းရေး
10・ ထောက်ပန့်ကြေးငွေစသည်။
11・တွေ့ဆုံဆွေးနွေးရန်နှင့်လျှောက်လွှာတင်ရန်လိပ်စာ
12・ကျောင်းအသင်းဝင်TACHIBANA GAKUEN သမိုင်းဝင်
13・ကျောင်းအဆောက်အဦးတည်နေရာမြေပုံ


ကျောင်းတည်ထောင်သူ

ပညာရေးဒေါက်တာဘွဲ့ **TSUNEO NAKAJIMA**

95ခုနှစ်～96ခုနှစ်**Harvard University** ပညာရေးဘွဲ့လွန်ကျောင်းတွင်း ပညာရှင်တစ်ဦးအဖြစ်ခန့်အပ်ခြင်းခံရသည်။ **Harvard University** ပညာရေးဘွဲ့လွန်ကျောင်းတွင်းလေ့လာအောင်မြင်မှုကိုမိမိကိုယ်တိုင်ကျောင်းတည်ထောင်နိုင်ခဲ့သော TOKYO UNIVERSITY OF SOCIAL WELFARE, NAGOYA COLLEGE OF PHYSICAL & OCCUPATIONAL THERAPY, NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESS ၏အတွေ့ကြုံကိုသုံးသပ်ပြီး 「စာမလုပ်နိုင်သော(ကျောင်းသား၊ကျောင်းသူ)များကို ထူးချွန်သော(ကျောင်းသား၊ကျောင်းသူ)ဖြစ်အောင်လုပ်နိုင်တာပညာရေး」ကျောင်းတည်ထောင်ခြင်းဒဿနဖြင့် ဆေးဝါးကျွမ်းကျင်၊ သူနာပြု၊ စိတ်ပညာ၊ ပညာရေးစသည့် အသိပညာနှင့် နည်းပညာကို သင်ယူနိုင်ပြီထူးချွန်သောကျောင်းသားကျောင်းသူနှင့် ဆရာများလူသားအရင်းမြစ်ဖွံ့ဖြိုးရေးအတွက်ပြုစုပျိုးထောင်ခြင်းကိုဦးတည်ပါသည်။

# ဂျပန်စကားသာသာရပ် （2025ခုနှစ် 4လပိုင်းကျောင်းဝင်မည့်ကျောင်းသားများ） ကျောင်းသားခေါ်ယူခြင်း

## 1． အထူးအခွင့်အရေး

ကျွန်တော်တို့၏ဂျပန်ဘာသာစာသင်ကျောင်းသည်၊ဂျပန်ဘာသာပညာရေးစနစ်နှင့်အညီအနစ်30 ကျော်သက်တမ်းရှိခဲ့ပါသည်။ယနေ့အချိန်ထိတွဲ့ရကျောင်းသားများစွာကိုမွေးထုတ်ပေးခဲ့ပါသည်။ကျောင်းသားအနည်းငယ်သာလက်ခံသောအတန်းဖြစ်ပြီးဆရာတစ်ဦးခြင်းစီမှသေချာကြပ်မတ်၍ဘာသာစကားနှင့်ပါတ်သက်၍အဓိကလိုအပ်သောအချက်လေးချက်ဖြစ်သည့်（စာဖတ်ခြင်း・နားထောင်ခြင်း・ပြောဆိုခြင်း・ရေးခြင်း）တို့ကိုလေ့ကျင့်ပေးပြီးနေ့စဉ်အတွက်လိုအပ်သည်များကိုကူညီထောက်ပန့်ပေးပါသည်။

ထိုအပြင်ရှေ့ဆက်ရမည့်လမ်းကြောင်းများနှင့်ပါတ်သက်သောလမ်းညွှန်မှုများ၊ကျောင်းပြီးသွားသည့်နောက်တွင်များပြားလှသောကျောင်းသားများမှာ AICHIKENN　တွင်ကျောင်းသားဘဝကိုစတင်ရန်ဂျပန်ပြည်တွင်းတွင်ရှိသောတက္ကသိုလ်အသက်မွေးပညာသင်ကျောင်းများသို့ကျောင်းဆက်တက်ကြပါသည်။

## 2.　သင်ရိုးညွှန်းနှင့် လေ့လာမှု့ပန်းတိုင်း

| ကျောင်းဝင်ရမည့်ကာလ | သင်ရိုးညွှန်း | သင်တန်းအချိန် | ကျောင်းဝင်ရန်သတ်မှတ်ဦးရေ | သင်ရိုးလေ့လာမှု့ပန်းတိုင်း |
|---|---|---|---|---|
| 4 လ | ဂျပန်စကားB ဌာန 1 (ကျောင်းသစ်ဆက်တက်ရန် 2နှစ် စနစ်) | ①　9：00～9：50<br>②　10：00～10：50<br>③　11：00～11：50<br>④　12：00～12：50 | 30 ယောက် | ဂျပန်တွင်တက္ကသိုလ်နှင့်အသက်မွေးဝမ်းကျောင်းသို့ကျောင်းဆက်လက်တက်ရန်လိုအပ်သောဂျပန်စကားအရည်ချင်းနှင့်သင်ယူမှု့အလေ့အကျင့်၊လက်တွေ့စကားပြောကိုလေ့လာသင်ယူပြီး။လက်တွေ့လုပ်ဆောင်မှုနှင့်သေချာသောဆက်ဆံပြောဆိုခြင်းအရည်အချင်းကိုရရှိစေရန်ရည်ရွယ်ပါသည်? |
| 4လ | ဂျပန်စကားB ဌာန 2 (ကျောင်းသစ်ဆက်တက်ရန် 2နှစ် စနစ်) | ①　13：30～14：20<br>②　14：30～15：20<br>③　15：30～16：20<br>④　16：30～17：20 | 30 ယောက္ | |

※ပြည်တွင်းမှဂျပန်ဘာသာကျောင်းတွင်1နှစ်တက်ရောက်ပြီးယ္ခုလက်ရှိတက်နေသောအတန်းနှင့်ပေါင်း2နှစ်ရှိပါကတက်ရောက်နိုင်ပါသည်။

## 3.အတန်းစာသင်ချိန်

တပတ် ၅ရက် ( တနင်္လာမှ သောကြာ၊ ၁ရက် ၄နာရီ )

အတန်းတက်ချိန်ပေါင်း၊ မည်သည့်သင်ရိုးဖြစ်ဖြစ် ၂နှစ်ဖြစ်ပြီး ၁၆၈၀နာရီဖြစ်သည်။

| ဂျပန်စကားB ဌာန 1・2 (အခြေခံအဆင့်၊ အလယ်တန်းအဆင့် ၊အထက်တန်းအဆင့်) | | ဂျပန်စကားB ဌာန 1・2 (အလယ်တန်းအဆင့် ၊အထက်တန်းအဆင့်) | |
|---|---|---|---|
| အရည်အချင်းအဆင့် | အတန်းချိန်ပေါင်း | အရည်အချင်းအဆင့် | အတန်းချိန်ပေါင်း |
| အခြေခံတန်း | ၄၂၀ | အလယ်တန်းအဆင့် | ၄၂၀ |
| အလယ်တန်းအဆင့် | ၄၂၀ | အထက်တန်းအဆင့် ၁ | ၄၂၀ |
| အထက်တန်းအဆင့် ၁ | ၄၂၀ | အထက်တန်းအဆင့် ၂ | ၄၂၀ |
| အထက်တန်းအဆင့် ၂ | ၄၂၀ | အထက်တန်းအဆင့် ၃ | ၄၂၀ |

※အထက်ပါအတန်းချိန်၏ ၁ယူနစ် ၅၀မိနစ်ဖြစ်သည်။

## 4.အတန်းဘာသာရပ်

ဂျပန်စကားဘာသာကျောင်းတွင်ဂျပန်စကားတိုးတက်မှုရှိစေရန်လမ်းညွှန်မှုဖြင့်၊ကျောင်းသား၏ဂျပန်စကားဘာသာ အရည်အချင်းကိုလိုက်၍အတန်းကိုပြုလုပ်ထားပါသည်။အောက်ပါဇယားသည်ဥပမာဖြစ်သည်

(ဥပမာ)

【အခြေခံတန်း 】

| တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|
| ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း |
| ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း |
| ခန်းဂျီး | ဝါကျဖွဲ့ခြင်း | နားထောင်ခြင်း | စာစီစာကုံး | စကားပြော |
| ခန်းဂျီး | ဝါကျဖွဲ့ခြင်း | နားထောင်ခြင်း | စာစီစာကုံး | စကားပြော |

【အလယ်တန်းအဆင့်】

| တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|
| ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| ဝါကျဖွဲ့ခြင်း | ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| နားထောင်ခြင်း | သဒ္ဒါ | နားထောင်ခြင်း | စာစီစာကုံး | စကားပြော |
| နားထောင်ခြင်း | သဒ္ဒါ | နားထောင်ခြင်း | စာစီစာကုံး | စကားပြော |

【အထက်တန်းအဆင့် ၁】

| တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|
| ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| သဒ္ဒါ | စကားပြော | နားထောင်ခြင်း | စာစီစာကုံး | နားထောင်ခြင်း |
| သဒ္ဒါ | စကားပြော | နားထောင်ခြင်း | စာစီစာကုံး | နားထောင်ခြင်း |

【အထက်တန်းအဆင့် ၂】

| တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|
| ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| သဒ္ဒါ | စကားပြော | နားထောင်ခြင်း | စာစီစာကုံး | နားထောင်ခြင်း |
| သဒ္ဒါ | စကားပြော | နားထောင်ခြင်း | စာစီစာကုံး | နားထောင်ခြင်း |

【အထက်တန်းအဆင့်၃】

| တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|
| ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| ဝါကျဖွဲ့ခြင်း | စာပုဒ်ဖတ်ခြင်း | စာပုဒ်ဖတ်ခြင်း | စကားစု | ဝါကျဖွဲ့ခြင်း |
| သဒ္ဒါ | စကားပြော | နားထောင်ခြင်း | စာစီစာကုံး | နားထောင်ခြင်း |
| သဒ္ဒါ | စကားပြော | နားထောင်ခြင်း | စာစီစာကုံး | နားထောင်ခြင်း |

## 5. လျှောက်လွှာတင်ရန်လိုအပ်ချက်များ

အောက်ပါရေးသားထားသော ①、②、③အချက်များနှင့်ကိုက်ညီသူဖြစ်ရပါမည်။

① နိုင်ငံရပ်ခြားတွင်နေထိုင်၍သာမန်အတန်းပညာကို12တန်းအောင်မြင်ပြီးသူ၊သက်ဆိုင်ရာနိုင်ငံတွင်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ရရှိပြီးသူ။ထိုအပြင်ယ္ခုအချက်အလက်နှင့်ပါတ်သက်၍မိခင်ကျောင်းမှထောက်ခံပေးနိုင်သူ

② ဂျပန်ဘာသာစကားလေ့လာသင်ကြားအချိန်က150နာရီအထက်ရှိသောသူ၊ ထို့ပြင်ဂျပန်ဘာသာအရည်ချင်းစစ်စာမေးပွဲ（JLPT（N5 အထက်））、စီးပွားရေးအလုပ်အကိုင်ဂျပန်ဘာသာသတ်မှတ်အရည်အချင်း(J-CERT(အခြေခံအဆင့်၏အထက်) J-TEST(Fအဆင့်ထက်ကျော်လွန်သူ) ထို့အပြင်လူဝင်မှုကြီးကြပ်ရေးဌာနမှအသိအမှတ်ပြုထားသောဂျပန်ဘာသာအရည်အချင်းအောင်လက်မှတ်(N5)နှင့်ကိုက်ညီသောလက်မှတ်ရှိသူ။

③ မိခင်ကျောင်းမှအောင်လက်မှတ်ရရှိသည်အထိကျောင်းလခပေးသွင်းနိုင်သူ၊နေထိုင်စားသောက်စားရိတ်ကိုအမှန်တကယ်ပေးဆောင်နိုင်သောတာဝန်ခံ။

※ယခင်ကကျောင်းဝင်ခွင့်ငြင်းပယ်ခံရသောမှတ်တမ်းရှိသူသည်သီးသန့်တွေ့ဆုံဆွေးနွေးပါ။

# 6. လျှောက်လွှာတင်ရန်လုပ်ဆောင်ရန်နည်းလမ်းများ

## 6－（1）စာတိုက်မှပေးပို့၍လျှောက်လွှာတင်ခြင်း

① လျှောက်လွှာတင်ရမည့်သတ်မှတ်ချိန် ကာလအတွင်း၊လိုအပ်သောစာရွက်စာတမ်းများကိုစုစည်း၍အောက်တွင် ဖော်ပြထားသောလျှောက်လွှာပေးပို့ရမည့်ဌာနသို့ပို့ပေးပို့ရပါမည်။
② ကျောင်းမှစာမေးပွဲရက်ကိုသတ်မှတ်ပြီး၊စာမေးပွဲကိုကျင်းပပါမည်။နေ့ရက်အချိန်၊နေရာနှင့်ပါတ်သက်၍လျှောက်လွှာတင်ပြီးသည့်နောက်တွင်သီးသန့်အကြောင်းကြားပါမည်။

**＜လျှောက်လွှာတင်ရမည့်နေရာလိပ်စာ＞**

＜保育・介護・ビジネス名古屋専門学校＞
〒460-0002 愛知県名古屋市中区丸の内 2-6-4
代表番号 052-222-5631

## 6－（2）လျှောက်လွှာတင်ရမည့်နေ့ရက်အချိန်ကာလ

① နိုင်ငံရပ်ခြားမှလျှောက်လွှာတင်သွင်းလျှင်
2025နှစ် 4 လတွင်ကျောင်းဝင်နိုင်ရန်: 2024နှစ် 6 လ 1 ရက်（စနေ）～2024 နှစ်10 လ17 ရက်（ကြာသကတေး）
② ပြည်တွင်းမှကျောင်းလျှောက်ထားလျှင်
・2025နှစ် 4 လတွင်ကျောင်းဝင်နိုင်ရန်：2024 နှစ် 6 လ 81ရက်（စနေ）～2025နှစ် 2 လ 10 ရက်（တနလာ）

## 6－（3）လျှောက်လွှာစာရွက်စာတမ်းများ

※ရေးသွင်းထားသောအကြောင်းအရာများနှင့်ပါတ်သက်၍လိမ်ညာမှုများရှိခဲ့လျှင်၊စာမေးပွဲဖြေဆိုခွင့်မပြုပါ။ထိုအပြင်စာမေးပွဲအောင်မြင်ကြောင်းကြေငြာပြီးနောက်တွင်လည်းလိမ်ညာထားသည့်အချက်အလက်များကိုတွေ့ရှိပါကလည်းစာမေးပွဲအောင်မြင်ကြောင်းကိုရုတ်သိမ်းပါမည်။
※တစ်ကြိမ်တင်ပြီးသွားသောလျှောက်လွှာများကိုမည်သည့်အကြောင်းပြချက်နှင့်မှပြန်ပေးမည်မဟုတ်ပါ။

**＜လျှောက်လွှာတင်ရန်စာရွတ်စာတမ်း＞**

| | လိုအပ်သော စာရွက်စာတမ်း | သတိထားရမည့်အချက်များ |
|---|---|---|
| 1 | ကျောင်းဝင်ခွင့် လျှောက်လွှာ | ကျောင်းမှသတ်မှတ်ထားသောလျှောက်လွှာဖြစ်ပြီး၊လျှောက်လွှာတင်သူကိုယ်တိုင်ရေးသွင်းရမည်ဖြစ်သည်။ |
| 2 | ကိုယ်ရေးရာဇ ဝင်လျှောက်လွှာ | ကျောင်းမှသတ်မှတ်ထားသောလျှောက်လွှာဖြစ်ပြီး၊လျှောက်လွှာတင်သူကိုယ်တိုင်ရေးသွင်းရမည်ဖြစ်သည်။ |
| 3 | ကျန်းမာရေးစစ် ဆေးချက် ထောက်ခံစာ | ကျောင်းမှသတ်မှတ်ထားသောလျှောက်လွှာဖြစ်ပြီးလျှောက်လွှာမတင်မီ၃လအတွင်းစစ်ဆေးထားသောဆေးစစ်ချက်မှတ်တမ်းဖြစ်ရမည်။<br>※နီပေါနိုင်ငံ၊ဗီယက်နမ်နိုင်ငံမှလျှောက်လွှာတင်သူများနှင့်ပါတ်သက်၍ဆေးစစ်ချက်နှင့်အတူဓာတ်မှန်ရိုက်ထားသော「ရင်ဘတ်ပိုင်းရိုက်ထားသောဓာတ်မှန်ဓာတ်ပုံစာရွက်」မူရင်းကိုလည်းတင်ပြရပါမည်။ထိုအပြင်လျှောက်လွှာတင်သူနှင့်ပါတ်သက်သောအခြားတိုင်းပြည်၊နယ်မြေဒေသမှသတ်မှတ်ထားသောစာရွက်စာတမ်းများလည်းအကျုံးဝင်ပါသည် |
| 4 | အမှတ်စာရင်း စာရွက် | အထက်တန်းကျောင်းမှနောက်ဆုံးတက်ရောက်ခဲ့သောအတန်းကျောင်းအထိအမှတ်စာရင်း<br>※（တရုတ်နိုင်ငံဖြစ်လျှင်）တက္ကတိုလ်အောင်လက်မှတ်（အထက်တန်းထိလေ့လာထားသော）စာမေးပွဲဖြေသူက「ပညာရေးအဖွဲ့အစည်း၏လက်မှတ်အပြင်သုတေသနပြုကျောင်းသားပညာရေးမြင့်တင်ရေးဗဟိုပြုကျောင်း」မှထုတ်လုပ်ပေးသောအထောက်အထား（ရမှတ်ရေးသွင်းထားသောလက်မှတ်） |
| 5 | အောင်လက်မှတ်၊ အောင်မြင်ပြီးဆုံး ကြောင်းထောက်ခံစ ာ(မူရင်း) | မွေးရပ်မြေမှအထက်တန်းကျောင်း၊အပြင်နောက်ဆုံးတက်ရောက်ခဲ့သည့်အထက်တန်းကျောင်းအောင်လက်မှတ်၊ကျောင်းတက်ရောက်နေဆဲဖြစ်ပါ「အောင်မြင်ကြောင်းထောက်ခံစာ」တရုတ်နိုင်ငံသားဖြစ်ပါက「အောင်လက်မှတ်」မူရင်းဖြစ်နိုင်မည်ဆိုလျှင်「တစ်နိုင်ငံလုံးဆိုင်ရာအထက်တန်းကျောင်းများ၏ဗဟိုဌာန(ပညာရေးဌာနစစ်တမ်းဗဟိုဌာန)」ထိုအပြင်「ပညာရေးဌာန၊သုတေသတပြုကျောင်းသားပညာရေးစင်တာဗဟိုဌာနမှထုတ်ပေးသောပညာရေးသမိုင်းအထောက်အထားမူရင်းကိုတင်ပြရပါမည်။ |
| 6 | ဂျပန်ဘာသာအရည်အ ချင်းအောင်လက် မှတ်（ဂျပန်စာ သင်ယူထားသော အောင်လက်မှတ်） | မိခင်တိုင်းပြည်တွင်ဂျပန်ဘာသာကိုသင်ယူခဲ့သောကျောင်း(ဂျပန်ဘာသာသင်ယူခဲ့သောအချိန်ကာလ)ကိုသတ်မှတ်ထားသောအရာ၊ဂျပန်ဘာသာလေ့လာထားသောအချိန်ကာလကိုမပျက်မကွက်ဖြည့်သွင်းထားသောလက်မှတ်။<br>※နာရီပေါင်း150အထက်သင်ယူထားကြောင်းပြသနိုင်သည့်၊ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲJ-TESTစီးပွားရေးအလုပ်အကိုင်ဆိုင်ရာသတ်မှတ်ထားသောဂျပန်ဘာသာစာမေးပွဲဖြေဆိုထားသူသည်အထောက်အထားအဖြစ်N5နှင့်ညီမျှအထက်ရှိအောင်မြင်ထားသောလက်မှတ်၊အမှတ်စာရင်းစာရွက်ကိုတင်ပြရပါမည်။ |
| 7 | အလုပ်လုပ်ကိုင်နေ သောထောက်ခံစာ | ※ လျှောက်လွှာတင်သူ၏မိမိတိုင်းပြည်တွင်၊အလုပ်လုပ်ကိုင်နေသောထောက်ခံစာကိုတင်ပြရမည်။ |

| | | |
|---|---|---|
| 8 | ဓာတ်ပုံ | 5ပုံ （ဒေါင်လိုက်4စင်တီမီတာ×အလျားလိုက်3စင်တီမီတာအားလုံးတူညီရပါမည်） ဓာတ်ပုံနောက်တွင်တိုင်းပြည်အမည်၊ ကျောင်းသားအမည်ရေးသွင်းပြီး၊တစ်ပုံကိုကျောင်းဝင်ခွင့်ပုံတွင်ကပ်ရပါမည်။လျှောက်လွှာမတင်မီ3လအလိုတွင်ရိုက်ထားသောဓာတ်ပုံဖြစ်ရပါမည်။ကိုယ်တစ်ပိုင်းပုံဖြစ်ပြီးမျက်နှာပြင်တွင်ဦးထုပ်ဆောင်းထားခြင်း၊ရှုခင်းများပါသော၊ပုံမဖြစ်ရပါ။ ကြည်လင်ပြတ်သားသောပုံဖြစ်ရပါမည်။အပျက်သဘောဆောင်သောပုံများနှင့်ကွန်ပြူတာနှင့်ပြုလုပ်ထားသောပုံများလက်မခံပါ။ |
| 9 | စစ်ဆေးရွေးချယ်ခငွေသွင်းရန်၂ ထောက်ခံစာ | နိုင်ငံခြားမှဝင်ခွင့်ဖောင်တင်သွင်းသည့်အခါ၊စစ်ဆေးခကိုပြည်ဝင်ခွင့်ဗီဇာလက်မှတ်ရရှိပြီးနောက်တွင်၊ကျောင်းလခနှင့်အတူ၊ စစ်ဆေးရွေးချယ်ခကိုပေးသွင်းရပါမည်။ကျောင်းလခပေးသွင်းပြီးလျှင်ငွေလွှဲစာရွက်ကိုမိတ္တူဖြင့်တင်ပြရပါမည်။ |
| 10 | ပတ်စပို့မိတ္တူ | ※ အသုံးပြုသူ၏ပတ်စပို့ဖြစ်ပြီးစာမျက်နှာအားလုံးကိုမိတ္တူဆွဲ၍တင်ပြရပါမည်။<br>ဂျပန်နိုင်ငံတွင်းမှာလျှောက်လွှာတင်သူလည်းဘဲမပျက်မကွက်တင်ရန်။ |
| 11 | နေထိုင်ခွင့်ကဒ်မိတ္တူ (ရှေ့နောက်) | ※ဂျပန်နိုင်ငံတွင်းမှာလျှောက်လွှာတင်သူသာလျှင်။<br>နေထိုင်ခွင့်ကဒ်မိတ္တူ နှစ်ဘက်ကို A4စာရွတ်ဖြင့်မိတ္တူကူးရန်။ |
| 12 | ကျောင်းလခ၊ နေထိုင်ရေးငွေပေးချေးမှုနည်းလမ်းထောက်ခံစာစာရွက် | ※ဂျပန်နိုင်ငံတွင်းမှာလျှောက်လွှာတင်သူသည် ကျောင်းလခ၊ နေထိုင်ရေးငွေပေးချေးမှုနည်းလမ်းထောက်ခံစာစာရွက်၊ 3လတွင်းပြုလုပ်ထားသောစာရွက်ကိုထပ်ရမည်။ဘဏ်စာအုပ်၏မိတ္တူထပ်ပါက၊ ဘဏ်အမည်၊ ဘဏ်စာအုပ်ကိုင်သူအမည်ပါဝင်သောစာမျက်နှာကိုအပါအဝင်၊ ငွေသွင်းငွေထုတ်ထားသောစာမျက်နှာအားလုံးကိုမိတ္တူကူပြီးထပ်ရမည်။ |
| 13 | ယခုတက်ရောက်နေသောကျောင်း၏ကျောင်းခေါ်ချိန်၊ အမှတ် စာရင်း | ※ဂျပန်နိုင်ငံတွင်းမှာလျှောက်လွှာတင်သူသည်၊ လျှောက်လွှာတင်ချိန်ဂျပန်နိုင်ငံတွင်း၏ဂျပန်ကျောင်းသို့မဟုတ်အသက်မွေးဝမ်းကျောင်းစသည့်ကျောင်းတက်နေသူဖြစ်ပြီး၊ ထိုကျောင်း၏ကျောင်ခေါ်ချိန်၊ အမှတ်စရင်း(မူရင်း)ကိုတင်ရမည်။<br>※ဂျပန်ဘာသာကျောင်းသို့မဟုတ်အသက်မွေးဝမ်းကျောင်းဆိုသည်မှာ ဂျပန်ဘာသာစကားကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၏ဂျပန်စကားအထူးပြု၊ အခြားသောအသက်မွေးဝမ်းကျောင်းစသည့်။<br>※ဂျပန်တက္ကသိုလ်ကျောင်းတက်နေသူဖြစ်ပါက ၊ထိုကျောင်း၏ကျောင်းတက်နေသောထောက်ခံစာ(မူရင်း)တင်ရန်။<br>※ကျောင်းတက်ရောက်နေကြောင်းသိရှိရန်စာရွက်(ပုံစံလွတ်လပ်စွာရေးနိုင်) ကိုတင်ရန်။ |
| 14 | ကျောင်းတက်ချင်သောအကြောင်းအရင်းစာ | ကျောင်းမှသတ်မှတ်ထားသောစာရွက်ဖြစ်ပြီး ။ မိမိကိုယ်တိုင်ဂျပန်ဘာသာဖြင့်ရေးရန်။<br>※ဂျပန်နိုင်ငံတွင်းမှလျှောက်လွှာတင်သူသာလျှင်။ |
| 15 | ကျောင်းတက်ရန်ထောက်ခံပေးသောသူ | ကျောင်းမှသတ်မှတ်ထားသောစာရွက်ဖြစ်ပြီးတာဝန်ခံသူမှရေးသွင်းရမည်ဖြစ်သည်။ |
| 16 | ကျောင်းတက်ရန်သဘောတူညီကြောင်းထောက်ခံစာ | ကျောင်းလျှောက်သူကမိမိကိုယ်တိုင်ရေးသားထားသော၊ လက်မှတ်၊ တံဆိပ်တုံးဖြစ်သည်။ |
| 17 | အိမ်ထောင်စုမှတ်တမ်း | တရုတ်နိုင်ငံသားများ 「ဒေသခံသက်သေစာအုပ်」 တွင်မိသားစုဝင်အားလုံးပါဝင်သောမိတ္တူ၊ 「ဒေသခံသက်သေစာအုပ်」 ၏စာမျက်နှာအားလုံးကိုရိုက်ကူးထားသောဓာတ်ပုံ<br>※ အသစ်လဲလှယ်သည့်ရွက်စွဲဖြည့်သွင်းထားသော 「ဒေသခံသက်သေစာအုပ်」 အဖြစ်ကန့်သတ်ထားပြီး၊ အခြားတိုင်းပြည်များမှာ 「မွေးစာရင်းစာရွက်ထောက်ခံစာ」 စသည်တို့ကိုတင်ပြရပါမည်။ |
| 18 | ပညာသင်ဆုထောက်ပန့်ကြေးထောက်ခံစာ | ပညာသင်ထောက်ပန့်ကြေးရရှိသူသည်၊ထောက်ပန့်ကြေးရရှိထားသောအဖွဲ့ကအစည်းအမည်၊ရရှိသည့်ထောက်ပန့်ကြေးငွေ၊ရရှိထားသည့်ကာလအပိုင်းအခြားထုတ်ပြန်ချက်စသည်တို့ကိုဖြည့်သွင်းပြီးအသေးစိတ်အချက်အလက်ကိုရေးသွင်းထားသည့်စာရွက်စာတမ်းစသည်တို့ကိုတင်ပြရပါမည်။ |
| 19 | ငွေကြေးတာဝန်ယူထောက်ခံစာ | ကျောင်းမှသတ်မှတ်ထားသောစာရွက်ဖြစ်ပြီး။ ငွေကြေးတာဝန်ယူသူကကိုယ်တိုင်ရေးဖြည့်ရမည်။ |

## ＜ငွေကြေးတာဝန်ယူသူမှတင်ပြရမည့်စာရွက်စာတမ်း＞

①ငွေကြေးထောက်ခံပေးသူကဂျပန်နိုင်ငံတွင်နေထိုင်ပါက

| | လိုအပ်သောစာရွက်စာတမ်: | သတိထားရမည္ဇအခ်က္အလက္မ်ား |
|---|---|---|
| 1 | အလုပ်လုပ်ကိုင်နေသောအထောက်အထား | ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်သူ 「လုပ်ငန်းလိုင်စင်မှတ်တမ်း」 ကိုယ်ပိုင်လုပ်ငန်းလုပ်သူ 「အသိအမှတ်ပြုလျှောက်ထားသောစာရွက်စာတမ်း」 |
| 2 | ဝင်ငွေအထောက်အထားစာရွက် (ပြီးခဲ့သော3နှစ်စာအပါအဝင်) | မြို့နယ်ရုံးမှထုတ်ပေးသောဝင်ငွေနှင့်ပါတ်သက်၍ဖြည့်သွင်းထားသောအရာ<br>「ပင်စင်အတွက်ဆောင်ထားသောဝင်ငွေများ」 မရပါ။ |
| 3 | မြို့နယ်၊ရပ်ကွက်၊တွင်နေထိုင်ကြောင်းထောက်ခံစာ | အတူနေထိုင်သောမိသားစုအားလုံးဖြည့်သွင်းထားသောနေထိုင်ကြောင်းစာရွက်။နိုင်ငံခြားသားဖြစ်လျှင်၊နေထိုင်ရာမြို့နယ်၏အိမ်ထောင်စုတွင်ဖြည့်သွင်း၍မည်သည့်နိုင်ငံသားဖြစ်ကြောင်းနေထိုင်ခွင့်ကဒ်ပြားမိတ္တူကိုတင်ပြရပါမည်။ |
| 4 | လက်မှတ်၊တံဆိပ်တုံးမှတ်ပုံတင်ထားသောထောက်ခံစာ | ငွေကြေးတာဝန်ခံပေးသူ၏မှတ်ပုံတင်ထားသောတံဆိပ်တုံးကိုအသုံးပြုရမည်။ |
| 5 | ငွေစုစာအုပ် | ဘဏ်မှထုတ်ပေးထားသော၊ငွေကြေးတာဝန်ခံ၏အမည်နှင့်ငွေစုစာအုပ်ဖြစ်ရမည် |
| 6 | ငွေစုပုံစံလုပ်နည်းလုပ်ဟန်စာရွက်စာတမ်း | ငွေစုထားသည့်၊ငွေစုစာအုပ်မိတ္တူကိုတင်ပြရမည်။ |
| 7 | ပတ်သက်ဆက်နွယ်မှုအထောက်အထား | မိသားစုနှင့်ဆွေမျိုးများဖြစ်လျှင်လျှောက်လွှာတင်သူနှင့်ဆွေမျိုးများ၏ပါတ်သက်ဆက်နွယ်မှုအထောက်အထားကိုတင်ပြရပါမည်။ |

② နိုင်ငံခြားလွှဲငွေနှင့်ပါတ်သက်သော၊ငွေကြေးတာဝန်ခံဖြစ်လျှင်

| | လိုအပ်သောစာရွက်စာတမ်း | သတိထားရမည့်အချက်အလက်များ |
|---|---|---|
| 1 | အလုပ်လုပ်ကိုင်နေသောအထောက်အထား | အလုပ်ဌာနနေရာဌာနမှထုတ်ပေးသော၊အလုပ်လုပ်ကိုင်ခဲ့သည့်အချိန်ကာလကိုဖြည့်သွင်းထားသည့်ထောက်ခံစာ။<br>ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်ပါက「လုပ်ငန်းလိုင်စင်မှတ်တမ်း」ထိုအပြင်「လုပ်ငန်းလုပ်ကိုင်ခွင့်စာရွက်စာတမ်း」မိတ္တူကိုတင်ပြရပါမည်။ |
| 2 | ဝင်ငွေအထောက်ထား<br>(ပြီးခဲ့သော3နှစ်စာအပါအဝင်) | အလုပ်ဌာနနေရာဌာနမှထုတ်ပေးသောတစ်နှစ်စာသင်ငွေစာရွက်၊အလုပ်ဌာန၏ဆက်သွယ်ရမည့်လိပ်စာဖုန်းနံပါတ်စသည်ထည့်သွင်းရေးသားထားသောဝင်ငွေထောက်ခံစာ |
| 3 | အခွန်ဆောင်ထားသောအထောက်အထားစာရွက်စာတမ်း<br>( ပြီးခဲ့သော3နှစ်စာအပါအဝင်) | အခွန်ငွေစည်းကျပ်သည့်ဌာနမှထုတ်ပေးထားသောအထောက်အထားစာရွက်ဖြစ်ပြီး၊အခွန်ငွေပေးသွင်းထားကြောင်းရေးသွင်းထားရမည်။ |
| 4 | ငွေစုစာအုပ် | ငွေကြေးတာဝန်ခံအမည်ဖြင့်ဘဏ်မှထုတ်ပေးသောငွေစုစာအုပ်။တရုတ်နိုင်ငံမှငွေလွှဲပါကဘဏ်စာအုပ်၏နောက်ကျောဘက်တွင်ပါသော「ကိုယ်ပိုင်」မိတ္တူကိုပူးတွဲတင်ပြရပါမည်။ |
| 5 | ငွေစုပုံစံလုပ်နည်းလုပ်ဟန်စာရွက်စာတမ်း | ငွေစုထားသောငွေစုစာအုပ်မိတ္တူအပြင်ငွေရရှိပုံရှင်းပြချက်စာရွက်စာတမ်း၊နှင့်ဝင်ငွေရှိကြောင်းသက်သေပြနိုင်သည့်အထောက်အထားကိုတင်ပြရမည်။ |
| 6 | ပတ်သက်ဆက်နွယ်မှုအထောက်အထား (ဆွေမျိုးတော်စပ်ပုံအထောက်အထား) | ဂျပန်နိုင်ငံမြို့နယ်ရုံးမှထုတ်ပေးသောနိုင်ငံသားစာရွက် (အိမ်ထောင်စုဝင်အားလုံး၏အမည်ရေးသွင်းထားသော) အိမ်ထောင်စုစာရင်း။တရုတ်နိုင်ငံသားဖြစ်ပါကဆွေမျိုးတော်စပ်ပုံကိုဖော်ပြထားသောစာရွက်စာတမ်း။အခြားတိုင်းပြည်များဆိုလျှင်「မွေးစာရင်းစာရွက်」စသည်တို့ကိုတင်ပြရမည်။<br>လျှောက်လွှာတင်သူကိုယ်တိုင်ကငွေကြေးတာဝန်ခံဖြစ်ပါကတင်ပြရန်မလိုပါ။ |

③ဂျပန်နိုင်ငံတွင်းမှလျှောက်လွှာတင်ပါက

| | လိုအပ်သောစာရွက်စာတမ်း | သတိပြုရန်အချက်များ |
|---|---|---|
| 1 | ကျောင်းလခ၊နေထိုင်ရေးငွေပေးချေမှုနည်းလမ်းထောက်ခံစာစာ ရွက် | ကျောင်းလခ၊နေထိုင်ရေးငွေပေးချေမှုနည်းလမ်းထောက်ခံစာနှင့်ပါတ်သက်၍၊3လတွင်းပြုလုပ်ထားသောစာရွက်စာတမ်းကိုတင်ပြရန်။ဘဏ်စာအုပ်၏မိတ္တူထပ်ပါက၊ဘဏ်အမည်၊ဘဏ်စာအုပ်ကိုင်သူအမည်ပါဝင်သောစာမျက်နှာကိုအပါအဝင်၊ ငွေသွင်းငွေထုတ်ထားသောစာမျက်နှာအားလုံးကိုမိတ္တူကူပြီးထပ်ရမည်။<br>※လျှောက်လွှာတင်သူကိုယ်တိုင်ကငွေကြေးတာဝန်ခံဖြစ်ပါက<br>မိမိကိုယ်တိုင်အမည်၏ဘဏ်စာအုပ်မိတ္တူ၊ပညာသင်ဆုထောက်ပန့်ကြေးထောက်ခံစာစသည့်။<br>※ငွေကြေးထောကျပန္သူတာဝန်ခံကအခြားသူဖြစ်ပါကငွေကြေးထောက်ပန္သူတာဝန်ခံ၏ဘဏ်စာအုပ်အမည်နှင့်လက်ကျန်စုငွေပါဝင်(မူရင်း)နှင့်ဘဏ်စာအုပ်မိတ္တူ၊ငွေလွှဲပို့ထားသောထောက်ခံစာစာရွက်(ငွေလွှဲပို့ထားသောဘဏ်မှထုက်ပေးသောစာရွတ်၏မိတ္တူ၊အမှန်တကယ်ငွေလွှဲထားသောကျောင်းသားအမည်၏ဘဏ်စာအုပ်မိတ္တူ)စသည့် |

※ငွေစုစာအုပ်သည်ကျောင်းလခကို၊ငွေကြေးထောက်ခံပေးသူမှပေးနိုင်သောငွေကြေးပမာဏရှိရန်လိုအပ်ပါသည်။

※ယ္ခုနှစ်အနည်းငယ်အတွင်းတွင်ပညာတော်သင်ကျောင်းသားများ၏ဥပဒေနှင့်မညီညွတ်သောနေထိုင်မှု၊ဥပဒေနှင့်မညီသောအလုပ်လုပ်ကိုင်မှုတိုးပွားလာမှုကိုလိုက်၍ဥပဒေရုံးလူဝင်မှုကြီးကြပ်ရေးဌာန၏နေထိုင်ခွင့်လက်မှတ်「ပညာသင်လာရောက်ခြင်း」နှင့်ပတ်သက်၍အသေးစိတ်စစ်ဆေးပြီးယ္ခုနောက်ပိုင်းတွင်လူဝင်မှုကြီးကြပ်ရေးဌာနကသတ်မှတ်ထားသောစည်းကမ်းနှင့်မကိုက်ညီသောလျှောက်ထားသူများမကြာခဏရှိသောနိုင်ငံ・ဒေသအတွင်းမှလျှောက်လွှာတင်ပါကအခြားစာရွက်စာတမ်းများကိုတင်ပြရန်လိုအပ်သောကြောင့်လျှောက်လွှာတင်မည်ဆိုလျှင်အထူးဂရုစိုက်ရန်လိုအပ်ပါသည်။

## 6－(4)လျှောက်လွှာတင်ရန်ပြင်ဆင်ရမည့်စာရွက်စာတမ်းများပြုလုပ်ခြင်းနှင့်ပါတ်သက်၍သတိထားရမည့်အချက်များ

①နိုင်ငံသားအမည်ဖြည့်သွင်းခြင်း
（တရုတ်နိုင်ငံမှတင်သောလျှောက်လွှာဖြစ်လျှင်）တရုတ်၊ဟောင်ကောင်၊မကာအို၊ထိုင်ဝမ်နိုင်ငံတို့၏အမည်များကိုခွဲခြား၍ရေးပါ

② မွေးတက္ကရ်ကိုဖြည့်သွင်းခြင်း
နိုင်ငံကူးလက်မှတ်စသည်တို့ကိုသေချာစစ်ဆေး၍ဖြည့်သွင်းပါ။နိုင်ငံကူးလက်မှတ်ရှိပါကဓာတ်ပုံမိတ္တူကိုထည့်သွင်းတင်ပြပါ။

③ အမည်ဖြည့်သွင်းခြင်း
(ア)（ကိုးရီးယားလူမျိုးဖြစ်လျှင်）အမည်နှင့်ကိုက်ညီသောခန်းဂျီစာလုံးမရှိပါက(ခတခန)နှင့်ဖြည့်သွင်း၍အင်္ဂလိပ်စာလုံးပေါင်းအမည်ကိုပါရေးဖြည့်ပေးပါ။
(イ)နိုင်ငံကူးလက်မှတ်၏အမည်တွင်အင်္ဂလိပ်စာလုံးပေါင်းအပြင်（「Ü」「ç」စသည်）အသံထွက်ပုံစံဖြည့်သွင်းထားသူဖြစ်ပါကနိုင်ငံကူးလက်မှတ်တွင်ရေးသွင်းထားသောအမည်ရေးသွင်းထားသည့်ပုံစံနှင့်ကိုက်ညီ၍ရေးဖြည့်ပါ။

④ မိသားစုကိုရေးသွင်းခြင်း
လျှောက်လွှာတင်သူ၏မိဘ၊ညီအကိုမောင်နှမများ၏အမည်၊အသက်၊（မွေးသက္ကရ်）အလုပ်အကိုင်နေထိုင်သည့်ဒေသစသည်တို့ကိုတိကျမှန်ကန်စွာဖြည့်သွင်းပါ။

⑤ မွေးရပ်မြေဖြည့်သွင်းခြင်း
「～မြို့နယ်」အထိ（တရုတ်နိုင်ငံဖြစ်လျှင်～ရပ်ကွက်…မြို့နယ်（တိုင်း））တို့ကိုဖြည့်သွင်းပါ။

⑥ ကိုယ့်တိုင်းပြည်တွင်တက်ရောက်ခဲ့သောကျောင်းအမည်ကိုရေးသွင်းပါ။
လျှောက်လွှာတင်စဉ်နေထိုင်သောလိပ်စာကိုအသေးစိတ်ရေးပါ။ （တရုတ်လူမျိုးဖြစ်လျှင်～ရပ်ကွက်…မြို့နယ် （တိုင်း） ～နံပါတ်）

⑦ ယခင်ကဂျပန်နိုင်ငံသို့ဝင်ရောက်ခဲ့ဘူးသောသမိုင်းရှိပါကဖြည့်သွင်းပါ။
「ရှိသည်」 ကိုဖြည့်သွင်းလျှင်အကြိမ်ရေ၊လတ်တလောတွင်ဝင်ရောက်ခဲ့ဘူးပါကအသေးစိတ်ကိုသေချာစွာဖြည့်သွင်းပါ။

⑧ ကိုယ်ရေးရာဇဝင်စာရွက်ထဲတွင် 「ကျောင်းတက်ချင်သောရည်ရွယ်ချက်」 ကိုဖြည့်သွင်းပါ။အကြောင်းအရာနှင့်အဓိပ္ပာယ်ကိုသေချာတိကျစွာရေးသားပါ
⑨ နောက်ဆုံးသင်ယူခဲ့သောပညာရေးအတန်းကိုဖြည့်သွင်းပါ။
လျှောက်လွှာတင်သည့်အချိန်တွင်(ဂျပန်)ကျောင်းမှကျောင်းပြီးခဲ့သူဖြစ်ပါကကိုယ့်တိုင်းပြည်တွင်တက်ရောက်ခဲ့သောနောက်ဆုံးအတန်းပညာကျောင်းအမည်ကိုရေးသွင်းပါ။

⑩ မန်နေဂျာ၊ငွေကြေးတာဝန်ခံများမှတာဝန်ခံပုံစံကိုဖြည့်သွင်းခြင်း
ငွေကြေးတာဝန်ခံနှင့်လျှောက်လွှာတင်သူ၏ပတ်သက်ဆက်နွယ်မှုအထောက်အထားကိုရေးသွင်းပြီးအထောက်အထားရေးသွင်းသောအခါတွင်လွဲချော်မှုမရှိစေရန်အထူးသတိထားဖြည့်သွင်းရပါမည်။
⑪ အတိတ်တွင်ပြည်ဝင်ခွင့်မရရှိခဲ့သောအထောက်အထားရှိသူဖြစ်လျှင်
ပြည်ဝင်ခွင့်မရရှိခဲ့သောအကြောင်းကိုရေးသွင်းပြီးထိုသံသယကိုဖြေရှင်းရန်အတွက်ထပ်ပေါင်းတင်ပြရမည့်စာရွက်စာတမ်းများတင်ပြရပါမည်။

## 6ー (5) လျှောက်လွှာတင်ရာတွင်အခြားသတိထားရမည့်အချက်များ

① သတ်မှတ်ထားသောပုံစံတွင်ကိုက်ညီခြင်းရှိစေရန်အကြောင်းအရာများတွင်ကွပ်လပ်မကျန်စေရန်ဖြည့်သွင်းပါ
② နိုင်ငံရပ်ခြားမှထုတ်လုပ်ပေးသောထောက်ခံစာများဖြစ်ပါက၆လအတွင်းထုတ်လုပ်ထားသောစာရွက်စာတမ်းကိုတင်ပြရပါမည်။ဂျပန်ပြည်တွင်းထုတ်လုပ်သောစာရွက်စာတမ်းဖြစ်ပါက၃လအတွင်းထုတ်လုပ်ထားသောစာရွက်စာတမ်းကိုတင်ပြရမည်ဖြစ်ပါသည်။
③ ကျောင်းဝင်ခွင့်လျှောက်လွှာအပြင်တင်ပြရမည့်စာရွက်စာတမ်းများသည်အခြားဘာသာစကားဖြစ်နေပါကဂျပန်ဘာသာသို့ပြန်ဆို၍မပျက်မကွက်တင်ပြရပါမည်
④ စာမျက်နှာနှစ်ဘက်လုံးရှိသောစာရွက်စတမ်းဖြစ်ပါကစာမျက်နှာတစ်ဖက်ခြင်းစီကိုမိတ္တူဆွဲ၍တင်ပြရပါမည်။
⑤ မှားယွင်းသောနေရာများကိုမင်ဖျက်ဆေးရည်ဖြင့်ဖျက်ခြင်း၊မင်ဖျက်တိပ်ဖြင့်ဖျက်ခြင်းမပြုလုပ်ရပါ။
⑥ အမျိုးမျိုးသောစာရွက်စတမ်းများတွင်၊စာရွက်စာတမ်းရေးသွင်းသူ၏အမည်ရာထူး၊စာရွက်စာတမ်းထုတ်လုပ်ပေးသည့်နေရာဌာနအချိန်လိပ်စာ၊ဖုံးနံပါတ်၊ဖက်(စ်)နံပါတ်တို့ကိုဖြည့်သွင်းတင်ပြရပါမည်။
⑦ တရုတ်နိုင်ငံသားဖြစ်ပါကအများသုံးစာရွက်စာတမ်းအဖြစ်လက်ခံအသိမှတ်ပြုခြင်းမလုပ်နိုင်သောစာရွက်စာတမ်းများကို၊စည်းကမ်းအတိုင်းပြုလုပ်၍တင်ပြပါ။
⑧ 「ကျောင်းမှတ်တမ်း၏ကျောင်းဝင်သည့်အသက်ကျောင်းတက်ရောက်ခဲ့သည့်အချိန်ကာလသည်ထိုတိုင်းပြည်၏ပညာရေးစနစ်ကိုလိုက်၍သာမာန်မဟုတ်သည့်အခြေအနေတွင်အများအသိအမှတ်ပြုအချိန်ကာလကိုဖော်ပြထားသောအကြောင်းပြချက်စာရွက်ကိုတင်ပြရပါမည်။
⑨ လျှောက်လွှာစာရွက်များသည်အဆင်ပြေမှုမရှိခြင်း၊လျှောက်လွှာတင်ရန်သတ်မှတ်ထားသောအချိန်ထက်ကျော်လွန်၍လျှောက်လွှာတင်ခြင်းအခြေနေတွင်ထိုလျှောက်လွှာကိုစီစစ်ရွေးချယ်ခြင်းပြုလုပ်မည်မဟုတ်ပါ။
⑩ လျှောက်လွှာများတွင်လိမ်ညာဖြည့်သွင်းထားမှုများတွေ့ရှိပါက၊စာမေးပွဲအောင်မြင်ခြင်းကိုပယ်ဖျက်မည်ဖြစ်ပါသည်။

## 7． စစ်ဆေးရွေးချယ်ခြင်းနည်းလမ်း

လျှောက်လွှာစစ်ဆေးခြင်း・အင်တာဗျူးဖြေဆိုခြင်း・ဂျပန်ဘာသာရေးဖြေစာမေးပွဲ （ဂျပန်ဘာသာအရည်ခြင်းစစ်စာမေးပွဲအဆင့်၅ဖြင့်ကိုက်ညီရမည်။）
※ စာမေးပွဲအချိန်ကိုလျှောက်လွှာတင်သူနှင့်ချိန်ကိုက်၍အကြောင်းကြားပါမည်။
※ လျှောက်လွှာတင်သွင်းခြင်းနှင့်အင်တာဗျူး၊ဂျပန်ဘာသာရေးဖြေစာမေးပွဲလိုက်၍ရွေးချယ်မည်ဖြစ်ပြီးအောင်၊ရှုံးအဖြေကိုအသိပေးမည်ဖြစ်ပါသည်။
ထိုအပြင်၊ဖုန်း၊စာတိုက်စသည်တို့နှင့်ပါတ်သက်၍တွေ့ဆုံမေးမြန်းခြင်းကိုလက်ခံဆောင်ရွက်ခြင်းပြုလုပ်မည်မဟုတ်ပါ။

## 8． ကျောင်းဝင်ခြင်းနှင့်ပါတ်သက်သောလုပ်ဆောင်ချက်များ

### 8ー （1） လုပ်ငန်းလည်ပတ်ပုံ

① စီစစ်ရွေးချယ်ခြင်းပြီးဆုံးသည့်နောက်တွင်အောင်မြင်သူကိုကျောင်းမှပြည်ဝင်ခွင့်ဗီဇာလျှောက်ခွင့်လျှောက်လွှာကိုပြုလုပ်မည်ဖြစ်ပါသည်တင်ပြသည့်လျှောက်လွှာတွင်ပြည့်စုံမှုမရှိပါကဗီဇာလျှောက်ခွင့်လျှောက်လွှာကိုလျှောက်ထားခွင့်မပြုလုပ်နိုင်သောကြောင့်သတိထားစေချင်ပါသည်။
② ပြည်ဝင်ခွင့်ဗီဇာအောင်လက်မှတ်ထွက်ရှိပြီးတပါတ်အတွင်းတွင်သတ်မှတ်ထားသောဘဏ်တွင်ကျောင်းလခပေးသွင်းရမည်ဖြစ်ပါသည်။ထိုအပွဂျနိုဂျင်ရပျခွား မှလပြြစာကျလုပ်ာတဂျထားသူမဒြးသည့်အစာကျဘကျတုဂျရေးသုဂျးထားသစာဇယားထဲမှကဒြာဇျငှမေဒြးကိုတစျပါတည်းပေးသုဂျးရပါမည်။
③ ကျောင်းလခပေးသွင်းပြီးကြောင်းစစ်ဆေးပြီးနောက်တွင်ကျောင်းမှ 「အောင်လက်မှတ် 「ကျောင်းဝင်ခွင့်ပြုလက်မှတ်နှင့်လူဝင်မှုကြီးကြပ်ရေးမှထုတ်ပေးသော 「ပြည်ဝင်ခွင့်ဗီဇာကဒ်」 ကိုကျောင်းသားအားပေးပို့ပါမည်။အထက်ပါစာရွက်စာတမ်းများရရှိပြီးပါကကျောင်းသားမှမိမိတိုင်းပြည်တွင်ဗီဇာလျှောက်ရန်အတွက်ပြင်ဆင်မှုများကိုပြုလုပ်ရပါမည်။

### 8ー （2） စစ်ဆေးခ : ယန်း10,000.-

※ စစ်ဆေးခနှင့်ကျောင်းလခငွေလွှဲခြင်းကိုစာမေးပွဲအောင်မြင်ထားသူကိုယ်တိုင်တာဝန်ယူရပါမည်။
※ စစ်ဆေးခကိုအောင်မြင်သူ၊ရှုံးနိမ့်သူလို့မခွဲခြားပဲမလွဲမရှောင်သာအကြောင်းပြချက်များရှိခဲ့လျှင်လည်းပြန်လည်ပေးဆောင်မည်မဟုတ်ပါ။

## 8－（3）ပထမနှစ်အတွက်ပေးဆောင်ရမည့်ကျောင်းခလ

| အကြောင်းအရာ | ပထမနှစ် | ဒုတိယနှစ်（ပထမပိုင်း） | ဒုတိယနှစ်（နောက်ပိုင်） |
|---|---|---|---|
| ကျောင်းဝင်ကြေး | 100,000 ယန်း | | |
| သင်တန်းကြေး | 530,000 ယန်း | 250,000 ယန်း | 280,000 ယန်း |
| ပရိဘောဂထိမ်းသိမ်းကြေး | 40,000 ယန်း | 37,500 ယန်း | |
| အထွေထွေကုန်ကျစရိတ် | 70,000ယန် | 60,000 ယန်း | 2,500 ယန်း |
| စုစုပေါင်း | 740,000ယန်း | 347,500 ယန်း | 282,500 ယန်း |

သတိပြုရန်-အထွေထွေကုန်ကျစရိတ် : ကျန်းမာရေးစစ်ဆေးခ၊လူမှုရေးဆိုင်ရာလှုတ်ရှားမှုသင်ထောက်ကူပစ္စည်းကြေး ၊ထိခိုက်နစ်နာမှုအတွက်အာမခံကြေး・ကျောင်းသားကဒ်ပြုလုပ်ခ၊ကျောင်းဆင်းပွဲအခမ်းအနားကြေး စသည့်။

※ အထက်တွင်ဖော်ပြထားသောကျသင့်ငွေအပြင်၊နိုင်ငံခြားသားဆိုလျှင်၊ဘဏ်မှငွေလွှဲခအနေဖြင့်ယန်း 10,000ကိုပါထည့်သွင်းပေးရပါမည်။ဘဏ်မှငွေလွှဲလျှင်နိုင်ငံခြားလွှဲငွေကုန်ကျစရိတ်နှင့်ဂျပန်နိုင်ငံဘဏ်ငွေလွှဲခနှစ်မျိုးလုံးလိုအပ်ပါသည်၊ဝန်ဆောင်ခကျသင့်ငွေနှင့်ပါတ်သက်၍နောက်ရက်တွင်အပိုငွေကိုပြန်အမ်းပါမည်။

※ သွင်းရမည့်ကျောင်းလခမှာပြည်ဝင်ခွင့်ဗွီဇာကဒ်ရရှိပြီးတစ်ပါတ်အတွင်းတွင်သတ်မှတ်ထားသောနေ့ရက်ထိကျောင်းမှသတ်မှတ်ထားသောဘဏ်အကောင့်တွင်ငွေသွင်းရပါမည်။

※ သွင်းရမည့်ကျောင်းလခမှာတစ်နှစ်စာကျောင်းလခကိုတစ်ကြိမ်တည်းပေးသွင်းရပါမည်။

※ ကျောင်းလခပေးသွင်းပြီးသည့်နောက်တွင်အကြောင်းအမျိုးမျိုးဖြင့်ကျောင်းတက်ရောက်နိုင်ခြင်းမရှိခဲ့လျှင် အောက်ပါအတိုင်းပြုလုပ်ပေးပါမည်။သတိပြုရန်ပြန်အပ်ငွေကိုငွေလွှဲရန်ကုန်ကျသောငွေလွှဲခပါဝင်ပါသည်။

A) နေထိုင်ခွင့်ဗီဇာထုတ်လုပ်ပေးခြင်းခွင့်ပြုချက်မရရှိသောအခါ
’n စစ်ဆေးခမှအပကျန်ငွေကိုပြန်အမ်းပါမည်။

B) နေထိုင်ခွင့်ဗီဇာထုတ်လုပ်ပေးပြီး ဂျပန်နိုင်ငံပြည်ဝင်ဗီဇာကိုမလျှောက်ဘဲသာမကဂျပန်နိုင်ငံသို့မလာသောအခါ
’n စစ်ဆေးခနှင့်ကျောင်းဝင်ကြေးမှအပကျန်ငွေကိုပြန်အမ်းပါမည်။သို့သော်၊ ကျောင်းဝင်ခွင့်ထောက်ခံစာ၊ နေထိုင်ခွင့်ဗီဇာများကိုပြန်ပို့ပေးရမည်။

c) ဂျပန်သံရုံးတွင်ပြည်ဝင်ခွင့်ဗီဇာထုတ်လုပ်ပေးခြင်းခွင့်ပြုချက်မရရှိ၍ဂျပန်နိုင်ငံသို့မလာရသောအခါ
’n စစ်ဆေးခမှအပကျန်ငွေကိုပြန်အမ်းပါမည်။သို့သောကျောင်းဝင်ခွင့်ထောက်ခံစာပြန်ပေးရန်နှင့်ဂျပန်သံရုံးတွင်ပြည်ဝင်ခွင့်ဗီဇာထုတ်လုပ်ပေးခြင်းမရှိသောစာရွက်ကိုစစ်ဆေးရန်လိုအပ်ပါမည်။

D) ဂျပန်ပြည်ဝင်ခွင့်ရရှိပြီးသို့သော်၊ ဂျပန်မလာခင်ကျောင်းထွက်သောအခါ
’n ဂျပန်ပြည်ဝင်ခွင်ကိုအသုံးမပြုခင် သို့မဟုတ်ပြည်ဝင်ခွင့်ရက်ကုန်ဆုံးသောအခါ၊ စစ်ဆေးခနှင့်ကျောင်းဝင်ကြေးမှအပကျန်ငွေကိုပြန်အမ်းပါမည်။
သို့သော် ကျောင်းဝင်ခွင့်ထောက်ခံစာ၊များကိုပြန်ပို့ပေးရမည်။

E) ဂျပန်ပြည်ဝင်ခွင့်ရရှိပြီးဂျပန်သို့ရောက်ရှိပြီးတဝက်ဖြင့်ကျောင်းထွက်သောအခါ
’n စစ်ဆေးခနှင့်ကျောင်းဝင်ကြေးများကိုပြန်မအမ်းပါ။ သင်တန်းကြေး၊ ပရိဘောဂထိမ်းသိမ်းကြေးစသည့်အခြေခံအားဖြင့်ပြန်မအမ်းပါ။

※ ထိုအပြင်၊မြို့နယ်ရုံးတွင်ကျန်းမာရေးခွန်ဆောင်ရန်သွင်းရသောငွေမှာခန့်မှန်းခြေယန်း17,000ယန်း（ဥပမာ 2020 နှစ်အတွက်）ကိုလိုအပ်ပါသည်။

## 8－(4) စီစစ်ရွေးချယ်ခ・တစ်နှစ်စာကျောင်းလခသွင်းရန်ဘဏ်လိပ်စာ

① りそな銀行　名古屋支店　普通預金　１２１７９１２
学校法人たちばな学園　理事長　中島　恒雄
◎ 英語表示：
RESONA Bank LTD. Nagoya branch　( SWIFT　DIWAJPJT )
Saving account　１２１７９１２
Account name: TACHIBANA GAKUEN (Director general) TSUNEONAKAJIMA

② 中京銀行　大津橋支店　普通預金　２８１７２９
学校法人たちばな学園　理事長　中島　恒雄
◎ 英語表示：
CHUKYO Bank LTD. OTSUBASHI branch　( SWIFT　CKBKJPJN )
Saving account　２８１７２９
Account name: TACHIBANA GAKUEN (Director general) TSUNEO NAKAJIMA

# 9．ဂျပန်နိုင်ငံတွင်းနေထိုင်ရေး

**9 — （1） နေထိုင်စာရိတ်အကြမ်းဖျဉ်း**

၁လစာ၏နေထိုင်ကုန်ကျစရိတ် (ကျောင်းအနီးတဝိုက်နေထိုင်သောအခါ၏အကြမ်းဖျဉ်း)

| | |
|---|---|
| အိမ်လခ (အခန်းဖော်အတူတူနေသောအခါ) | **25,000ယန်း** |
| စာစရိတ် | **20,000～25,000 ယန်း** |
| မီး၊ ဂက်(စ်)၊ ရေးဖိုး (အခန်းဖော်အတူတူနေသောအခါ) | **5,000～10,000 ယန်း** |
| ဖုန်းကြေး | **10,000 ယန်း** |
| အခြားစရိတ်(ရထားခ၊ ကျန်းမာရေးအာမခံကြေး၊အပျော်အပါးခစသည့်) | **15,000 ယန်း** |
| စုစုပေါင်း | **75,000～85,000 ယန်း** |

※ဂျပန်သို့ရောက်လာချိန်၊ နေထိုင်စာရိတ်အတွက်သောင်း20ယန်းကိုယ်တိုင်ယူလာရန်အကြံပြုပါသည်။

**9— (2) အချိန်ပိုင်းအလုပ်**

ကျွန်တော်တို့ကျောင်းတွင်၊ကျောင်းစာနှင့်အနှောင့်အယှက်မဖြစ်သောအချိန်ပိုင်းအလုပ်ကိုသာအသိအမှတ်ပြုပါသည်။နေထိုင်စရိတ်နှင့်ပါတ်သက်သောစိုးရိမ်ခြင်းကိုလျှော့ကျရန်သာမက၊ လူမှုရေးအတွေ့ကြုံ၊ ဂျပန်လူမျိုးနှင့်ထိတွေ့သောအခွင့်အရေးလည်းရှိပါသည်။ကျောင်းစာကိုဦးစာပေးပြီး၊ ညီမျှသောနေထိုင်ရေးကိုစဉ်းစားပြီးပျော်ရွှင်သောကျောင်းသားဘဝကိုနေထိုင်ကြပါစို့။အောက်ပါအချက်အလက်များကိုသေချာလိုက်နာစောင့်ထိန်းပါ။ထို့ပြင်၊ အချိန်ပိုင်းအလုပ်ကိုရရှိချိန်နှင့် အလုပ်ပြောင်းလဲချိန်တွင် မပျက်မကွက်ကျောင်းသို့အကြောင်းကြားရမည်။

**①အချိန်ပိုင်းအလုပ်လုပ်နိုင်ရန်လျှောက်လွှာ**

**[ကျောင်းတက်]ဗီဇာဖြင့်ရောက်လာသောသူသည်အချိန်ပိုင်းအလုပ်ကိုလုပ်ရာတွင်၊ ဂျပန်လူဝင်မှုကြီးကြပ်ရေးသို့လျှောက်ထားရန်လိုအပ်ပါသည်။**

**②အချိန်ပိုင်းအလုပ်လုပ်ချိန်**

**နိုင်ငံတကာကျောင်းသားသည်ကျောင်းအတန်းကိုဦးစားပေးရမည်။အတန်းချိန်နှင့်အနှောက်အယှက်မဖြစ်ရန်မိမိကိုယ်တိုင်းထိန်းသိမ်းဆုံးဖြတ်ရမည်။ အချိန်ပိုင်းအလုပ်လုပ်ချိန်သည်၊ တပါတ် 28နာရီထိသတ်မှတ်ထားပါသည်။ (ကျောင်းရက်ရှည်ပိတ်ချိန်တွင် တပါတ်40နာရီထိ) ။**

**③အချိန်ပိုင်းအလုပ်၏ကန့်သက်**

**အသက်ပြည့်သောသူအသုံးပြုသောဆိုင်ကိုအချိန်ပိုင်းအလုပ်လုပ်ခြင်းကိုဥပဒေကကန့်ကွက်ထားပါသည်။**
**ကန့်သက်သောအလုပ်မျိုးမှာ အရက်အတူတူသောက်ပေးသောဆိုင်ထို့ပြင်၊ ကာလအိုကေ၊ လောင်းကစားဆိုင်ပါဝင်သည်။**

**④အချိန်ပိုင်းအလုပ်မိတ်ဆက်ခြင်း**

**ကျောင်းပတ်ဝန်းကျင်းရှိသောအလုပ်နေရာများကိုကျောင်း၏ကွင်္ဘောသဂျပုန္နးတွင်ကပ်ထားပါသည်။သူငယ်ချင်းနှင့်စီနီရာကရှာပေးသောသူများလည်းရှိပါသည်။အချိန်ပိုင်းအလုပ်လုပ်ရန်ကိုယ်ရေးရာဇဝင်စာတမ်း၊အင်တာဗျူးအောင်ရန်လိုအပ်သည်။စာရွက်စာတမ်းရေး နည်းအင်တာဗျူးကိုကျောင်း၏ဝန်ထမ်းများကကူညီပေးပါသည် အခမဲ့ဆွေးနွေးနိုင်ပါသည်။**

## 10. ဆုလဒ်ငွေစသည့်

**○ ကျွန်တော်တို့ကျောင်း၏ထူးခြားသောဆုလဒ်ငွေ**

**<ကျောင်းခေါ်ချိန်ဆုလဒ်ငွေ>ကျောင်းစာသင်နှစ်လိုက်၍ ကျောင်းခေါ်ချိန် 100%ကျောင်းသားကျောင်းသူကိုဆုချပါသည်။**
**<ဂျပန်အရည်အချင်းစစ်စာမေးပွဲအောင်သူဂုဏ်ယူသောဆုငွေ>**

**○ဂျပန်ဘာသာစကားကျောင်းပြီးနောက်အားသာချက်ဥပမာ**

**<အအိချိခန်ရှာခအိဖူခုရှိခရောခါအိ ခအိကော်ဖူခုရှိစသည့် ကျောင်းတက်ကြေး(အတိုးမယူ)>**
**ဂျပန်ဘာသာစကားပြီးဆုံးပြီးနောက်၊ ခအိကော်ဖူခုရှိကျောင်းဆက်တက်ပါက၊ သတ်မှတ်ထားသောအတွင်းမြို့နယ်၏ကုန်ကျစရိတ်ကိုချေးပေးပါသည်။**

<ပညာသင်ဆုငွေ>

**ကျောင်းတက်နေချိန်ကျောင်းလခကိုချေးပေးပြီးဖိုးဖွားနေထိုင်သောရိပ်သာစသည့်ကိုမိတ်ဆက်ပေးသည်။**

※ အထက်ပါလျှောက်ထားချိန်တွင် စစ်ဆေးသောကာလရှိသည်။အသေးစိတ်ကိုကျောင်းဝင်ဌာနတွင်မေးမြန်းပါ။

## 11. တွေ့ဆုံဆွေးနွေးရန်နှင့်လျှောက်လွှာတင်ရန်လိပ်စာ

＜NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESS＞
〒460-0002 Marunouchi, Naka-ku, Nagoya-shi, Aichi 2－6－4
Tel. 052-222-5631(代)

သို့မဟုတ်
＜ကျောင်းဝင်ဌာန＞
〒460-0002 Marunouchi, Naka-ku, Nagoya-shi, Aichi 2－16－29
Tel. 052-684-6000

## 12. ကျောင်းအသင်းဝင်း TACHI BANA GAKUEN သမိုင်းဝင်

1991ခုနှစ် 10လ ဂခိုဟိုကျင်ချရရှိလော်ဂျိလော်ခိနင်ဂခုအင်း (ယခု ကျောင်းအသင်းဝင် TACHI BANA GAKUEN)

တိုးခါအိဂျော်ဟိုဗိကျိနယ်စုစန်မွန်ဂခို (ယခု NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESS)

ပုဂ္ဂလိကကျောင်းဥပဒေအရ၊ ကခိုဟိုကျင်ချရရှိလော်ဂျိလော်ခိနင်ဂခုအင်းကို အသိအမှတ်ပြုသည်။

ကျောင်းပညာရေးဥပဒေအရ၊ တိုးခါအိဂျော်ဟိုဗိကျိနယ်စုစန်မွန်ဂခိုကို အသိအမှတ်ပြုသည်။

ဂျပန်ဘာသာစကားဌာနနှင့်ပါတ်သက်၍၊ ဆအိဒန်ဟိုကျင်နိဟွန်ကော်ခရောအိခုရှင်ခိုခရော်ခအိမှ အသိအမှတ်ပြုခြင်းခံရပြီး၊ အသိအမှတ်ပြုကျောင်းဖြစ်လာသည်။

1994ခုနှစ် 4လ နာဂိုယာဖူခုရှိဟိုခဲအိစန်မွန်ဂခို (ယခု NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESS) သို့

ကျောင်းအမည်ကိုပြောင်းသည်။

2002ခုနှစ် 4လ နာဂိုယာအိလရော်ဖူခုရှိစန်မွန်ဂခို (ယခု NAGOYA COLLEGE OF PHYSICAL & OCCUPATIONAL THERAPY) ကိုကျောင်းဖွင့်ခဲ့သည်။

2003ခုနှစ် 4လ နာဂိုယာဖူခုရှိဟိုခဲအိစန်မွန်ဂခိုမှာ ဂျူဒိုးဆဲအိဖုခုဘာသာကိုဖြည့်စွက်ဖွင့်ခဲ့သည်။

နာဂိုယာဖူခုရှိဟိုအိခုဂျူဒိုးစန်မွန်ဂခို (ယခု NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESS) သို့ကျောင်းအမည်ကိုပြောင်းသည်။

2008ခုနှစ် 3လ အသင်းဝင်အမည်ကို ကျောင်းအသင်းဝင်TACHIBANA GAKUEN သို့အမည်ကိုပြောင်းခဲ့သည်။

2011ခုနှစ် 4လ နာဂိုယာဖူခုရှိဟိုအိခုဂျူဒိုးစန်မွန်ဂခိုကို အစိုးရဝန်းထမ်း၊ ကလေးသူနာပြု၊ လူကြီးသူနာပြု၊ စီးပွားရေးအသက်မွေးဝမ်းကျောင်း (ယခု NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESS) သို့ကျောင်းအမည်ပြောင်းခဲ့သည်။


နာဂိုယာဖူခုရှိဟိုခဲအိစန်မွန်ဂခိုကို (ယခု NAGOYA COLLEGE OF PHYSICAL & OCCUPATIONAL THERAPY) သို့ကျောင်းအမည်ပြောင်းခဲ့သည်။

2014ခုနှစ် 4လ အစိုးရဝန်းထမ်း၊ ကလေးသူနာပြု၊ လူကြီးသူနာပြု၊ စီးပွားရေးအသက်မွေးဝမ်းကျောင်းကို NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINESSသို့ကျောင်းအမည်ပြောင်းခဲ့သည်။

ယခုတိုင် အထိ

## 13. ကျောင်းအဆောက်အဦးတည်နေရာမြေပုံ

■地下鉄路線図







■丸の内エリア




• ကျောင်းတက်ရန်နေရာ

＜NAGOYA COLLEGE OF CHILD WELFARE, CARE WORKER & BUSINES＞

〒460-0002 Marunouchi, Naka-ku, Nagoya-shi, Aichi 2－6－4

Tel: 052-222-5631